BreastScreen WA
WA's only accredited screening service

# အချက်အလက်စာရွက် – အထွေထွေအကြောင်းအရာ

**(အခြားဘာသာများ ဖြင့်လည်းရနိုင်ပါသည်။)**

## ရင်သားကင်ဆာ ဆိုတာ ဘာလဲ?

ရင်သားကင်ဆာဆိုသည်မှာ ပုံမှန်မဟုတ်သော ကလာပ်စည်းများ အုပ်စုလိုက်ဆက်လက် ကြီးထွားများပြားလာခြင်းဖြစ်သည်။ ယင်း ကြောင့် နောက်ဆုံး၌ ရင်သားထဲ၌ အကြိတ်အခဲဖြစ်လာနိုင်သည်။ ကင်ဆာကိုမထုတ်လိုက်လျှင်သော်၄င်း၊ မထိန်းထားနိုင်လျှင် သော် ၄င်း၊ ကင်ဆာကလာပ်စည်းများသည်၊ အခြားခန္ဓာကိုယ် အစိတ်အပိုင်းများကို ပြန့်နှံ့သွားနိုင်ပြီး၊ သေဆုံးသည် အထိဖြစ်စေသည်။

## ကျွန်ုပ်၌ ရင်သားကင်ဆာ ဖြစ်သည်ဟု တွေ့နိုင်ချေရှိသလား?

ဩစတြေးလျား အမျိုးသမီး ၈ဦးအနက် တစ်ဦး၏ ဘဝသက်တမ်းတွင် ရင်သားကင်ဆာရှိလာမည်။
**အသက်၅၀နှင့် အထက်အမျိုးသမီးတဦးဖြစ်နေခြင်းက၊ ရင်သားကင်ဆာဖြစ်နိုင်ချေတွင် အရေးပါဆုံး အချက်ဖြစ်သည်။**

## မင်မိုဂရမ်(နို့အုံပုံရိုက်) စစ်ဆေးမှုဆိုတာ ဘာလဲ?

မင်မိုဂရမ် စစ်ဆေးမှုဆိုသည်မှာ– ရင်သားပုံမှန်အခြေအနေ သို့မဟုတ် အပြောင်းအလဲမရှိသော အခြေအနေ၌၊ အမျိုးသမီးတဦး၏ ရင်သားကို အားနည်းဓါတ်မှန်ရောင်ခြည်ဖြင့် ရိုက်ကြည့်ခြင်းဖြစ်သည်။ ရင်သားကင်ဆာဖြစ်မှု၏ ၉၀%ကို မင်မိုဂရမ် စစ်ဆေးမှု ကြောင့် တွေ့ရှိပြီး၊ အလွန်သေးငယ်၍၊ မစမ်းမိနိုင်သော ရင်သားကင်ဆာကို တွေ့နိုင်သည်၊ **ဖြစ်ခါစတွေ့ရှိခြင်းသည် သင့်အ တွက်အကောင်းဆုံးကာကွယ်မှုဖြစ်သည်။** ကင်ဆာဖြစ်ခါစ၌ တွေ့ရှိခြင်းသည်၊ ဆေးကုသအောင်မြင်မှုအတွက် အခွင့်သာစေသည်။

## ဘယ်လောက်အကြိမ်များများစစ်ဆေးသင့်သလဲ?

အသက်၅၀နှင့် အထက်အမျိုးသမီးများ၊ နှစ်နှစ်တစ်ကြိမ် မှန်မှန် မင်မိုဂရမ်စစ်ဆေးမှုများ လုပ်သင့်သည် ဟု ဆိုပါသည်။ သို့သော် လည်း – အချို့အခြေအနေများအတွက် နှစ်စဉ် မင်မိုဂရမ်စစ်ဆေးရန် အကြံပြုနိုင်သည်။

## မင်မိုဂရမ်စစ်ဆေးမှုက အခမဲ့လား?

အသက်၅၀မှ ၆၉နှစ်အတွင်း အမျိုးသမီးများ၊ နှစ်နှစ်တစ်ကြိမ် **အခမဲ့** မင်မိုဂရမ်စစ်ဆေးနိုင်ရန်၊ အစိုးရမှ ဗရက်စခရင်းဒဗျူအေ (BreastScreen WA) ကို ထူထောင်ထားသည်၊ အသက်၄၀မှ ၄၉နှင့် အသက် ၇၀ကျော် အမျိုးသမီးများလည်း ဗရက်စခရင်းဒဗျူအေ၌ အခမဲ့စစ်ဆေးရန် တောင်းဆိုနိုင်သည်၊ အသက်၄၀အောက် အမျိုးသမီးများအား၊ ဗရက်စခရင်းဒဗျူအေ၌ မင်မိုဂရမ်စစ်ဆေးမှု **မလုပ်ပေးပါ။**

## ဘယ်မှာ မင်မိုဂရမ်စစ်ဆေးမှု လုပ်နိုင်လဲ?

ဗရက်စခရင်းဒဗျူအေမှ မြို့တွင်းစစ်ဆေးမှုများကို ခုနစ်နေရာ–ကဲနင်တန်၊ ဖရီမင်တယ်၊ ဂျွန်းဒလပ်၊ မစ်(ဒ)လန်၊ မေရာဘူးကား၊ ပါသ့် နှင့် ရော့ကင်ဟမ်၊ နယ်မြို့ငယ်များတွင် နှစ်နှစ်တစ်ကြိမ်– ကားဖြင့်ပြောင်း ရွှေ့စစ်ဆေးကြသည်။

## ဗရက်စခရင်းဒဗျူအေသို့သွားလျှင် ဘာတွေဖြစ်မလဲ?

ဗရက်စခရင်းဒဗျူအေသို့ စစ်ဆေးခံရန်သွားလျှင်၊ **အပေါ်အောက် သပ်သပ်ဝတ်စုံ–ဥပမာ– စကတ် သို့မဟုတ် ဘောင်းဘီရှည် နှင့် အပေါ်အင်္ကျီ ဝတ်ပြီး၊ ကိုယ်လိမ်းပေါင်ဒါ သို့မဟုတ် အမွှေးဆီများ မသုံးခဲ့ရန်၊ အကြံပြုပါသည်။** ဗရက်စခရင်းဒဗျူအေ သို့ရောက်ရှိလာလျှင်၊ အောက်ပါအတိုင်း တစ်ဆင့်စီ လုပ်ကိုင်ပါမည်။

၁။ သင့်ကိုကြိုဆိုပြီး၊ ကိုယ်ရေးကိုယ်တာ စာရွက်နှင့် သဘောတူကြောင်းပုံစံ များကို ဖြည့်ခိုင်းမည်။
၂။ အပေါ်ဝတ်ရုံလဲဝတ်ပြီးလျှင်၊ ဓါတ်မှန်ရိုက်သူ အမျိုးသမီးက ဓါတ်မှန်ခန်းထဲခေါ်သွားပြီး၊ မေးခွန်းများမေးမည်၊ ယင်းနောက်၊ ရင်သားတစ်ဖက်စီကို ဓါတ်မှန်ရိုက်မည်။
၃။ ရိုက်ထားသော ဓါတ်မှန်များ၊ အဆင့်မှီ–မမှီ စစ်ဆေးချိန်၌၊ သင့်ကိုစောင့်ခိုင်းမည်။
၄။ ဓါတ်မှန်ရိုက်သူက စစ်ဆေးမှုပြီးကြောင်း လာပြောလျှင်၊ ပြန်နိုင်ပါသည်။
၅။ သင့်ဓါတ်မှန်များကို အထူးကျွမ်းကျင်သူ ဆရာဝန်၊အနည်းဆုံးနှစ်ဦးက သုံးသပ်ပြီး၊ အဖြေများကို ရုံးရက် ၁၄ရက်အတွင်း သင့်ထံ ပို့ပေးပါမည်။
၆။ အချို့အမျိုးသမီးများကို နောက်ထပ် ဓါတ်မှန်ရိုက်ရန် ခေါ်ခြင်းလည်း ရှိတတ်ပါသည်။ ယင်းသို့လုပ်ရန်လိုအပ်လျှင်၊ ဗရက်စခရင်းဒဗျူအေမှ ရင်သားစစ်ဆေးသူ – သူနာပြုက၊ သင့်ကို တယ်လီဖုန်းဆက်၍ ဆွေးနွေးပါမည်။

## မင်မိုဂရန်စစ်ဆေးရန် ဘယ်လိုလုပ်သလဲ?

ရင်သားကို အနေအထားကျရန်၊ ဓါတ်မှန်စက်ပေါ် ဂရုတစိုက်တင်ပြီး၊ ဓါတ်မှန်ရိုက်စဉ်အတွင်း၊ စက္ကန့်အနည်းငယ်ဖိထားသည်။ ရင်သားတစ်ဖက်စီအတွက်၊ အပေါ်မှ တစ်ပုံနှင့်ဘေးမှတစ်ပုံ၊ ဓါတ်ပုံနှစ်ပုံစီရိုက်သည်၊ ရင်သားကိုဖိစဉ်၊ တင်းကြပ်ပြီး မသက်မသာဖြစ် နိုင်သော်လည်း၊ မနာကျင်သင့်ပါ၊ တတ်နိုင်သမျှ ကြည်လင်သော ဓါတ်ပုံရရန် (ညာဘက်မှ ပုံကိုကြည့်ပါ)နှင့် ဓါတ်ရောင်ခြည် အနည်းဆုံးသုံးရန်၊ အရေးကြီးသောကြောင့် ဖြစ်သည်။






မဖိပါက ဓါတ်မှန်ပုံ **ဝါးနေသည်** ဖိသောကြောင့်ဓါတ်မှန်ပုံ **ပိုရှင်းသည်။**

## ဘာကြောင့် မင်မိုဂရမ်စစ်ဆေးမှု လုပ်သင့်လဲ?

**စောစောရှာဖွေတွေ့ရှိမှုသည် သင့်အတွက် အကောင်းဆုံးကာကွယ်မှု ဖြစ်သည်။**
မင်မိုဂရမ် စစ်ဆေးမှုက သင့်အသက်ကို ကယ်တင်နိုင်သည်။

## ဖုံးနံပါတ် ၁၃ ၂၀ ၅၀ ကိုဆက်၍ ရက်ချိန်းတောင်းနိုင်သည်။

စကားပြန်လိုပါက၊ စကားပြန်နှင့် ဘာသာပြန်ဌါန(TIS)–၁၃ ၁၄ ၅၀ ကို ပထမဆက်၍၊ ဗရက်စခင်းဒဗျူအေ ဗဟိုရက်ချိန်းဌါန–ဖုန်း ၁၃ ၂၀ ၅၀ ကို ဆက်ပေးရန်ပြောပါ။

## အုပ်စုလိုက် ရက်ချိန်းများ

အုပ်စုလိုက်လာလိုသူ အမျိုးသမီးများအနေဖြင့်၊ အုပ်စုလိုက်ရက်ချိန်းတောင်းနိုင်သည်။ ဥပမာ– စကားပြောတူသူများ၊ အသင်းတစ်ဖွဲ့ သားများ၊ သို့မဟုတ် မိတ်ဆွေများ– အတူတူလာလျှင်၊ ပို၍အဆင်ပြေမည် ယူဆကြသည်။ အုပ်စုလိုက်ရက်ချိန်းအတွက် ထပ်မံမေး မြန်းလိုလျှင်၊ ၁၃ ၂၀ ၅၀ ကို ဆက်ပါ။

## အခမဲ့စာတမ်း ပစ္စည်းများ

ရင်သားစစ်ဆေးမှု၊ ရင်သားကင်ဆာ၊ မိသားစုအတွင်း ရင်သားကင်ဆာရှိခဲ့ဘူးသော အမျိုးသမီးများ၊ ခန္ဓာတွင်းပစ္စည်းထည့်ထားသူ များ၊ ရင်သားနာကျင်မှု၊ မသန်စွမ်းသူအမျိုးသမီးများနှင့် အခြားစာရွက် စာတမ်းများ အခမဲ့ရရှိနိုင်ပါသည်။ **မှာယူရန် –ဖုန်း ၉၃၂၃ ၆၇၆၂ သို့မဟုတ် e-mail breastscreenwa@health.wa.gov.au ကိုဆက်သွယ်ပါ။**

## အခြားဘာသာများဖြင့်ရနိုင်သော ပစ္စည်းများ

For Me and My Family "ကျွန်မနှင့် ကျွန်မ၏မိသားစုအတွက်" ဗီဒီယိုကို အာရပ်၊ကင်တိုနီ၊ ခပိုရေးရှား၊ အင်္ဂလိပ်၊ ဂရိ၊ အီတာလျံ၊ ခမာ၊ မက်စဒိုနီးယား၊ ရုရှား၊ ပိုလန်၊ ဆာဗီရာ၊ စပိန်၊ တာဂလော့၊ တာကီနှင့် ဗီရက်နမ် ဘာသာတို့ဖြင့် ရနိုင်သည်။

အောက်ပါစာတမ်းများကို အင်္ဂလိပ်၊ အာရပ်၊ ဘော့(စ)နီးယား၊ တရုတ်၊ ခရိုရေးရှား၊ ဒါရီ၊ ဂရိ၊ အင်ဒိုနီးရှား၊ အီတလီ၊ မက်စဒိုနီး ယား၊ မလေး၊ ပိုလန်၊ ပေါ်တူဂီ၊ ဆာဗီရာ၊ စပိန်နှင့် ဗီရက်နမ်ဘာသာ တို့ဖြင့်ရနိုင်သည်။

- *Fact Sheet - General Information -* အချက်အလက်စာရွက်– အထွေထွေအကြောင်းအရာ
- *Screening Mammography for Women with a Family History of Breast Cancer* - မိသားစုအတွင်း ရင်သားကင်ဆာရှိခဲ့ဘူးသော အမျိုးသမီးများအတွက် မင်မိုဂရမ်စစ်ဆေးမှု
- *After your screening mammogram - What next?* - မင်မိုဂရမ်စစ်ဆေးမှုပြီးတော့– နောက်အဆင့် ဘာလဲ?

ပညာပေး စာစောင်များနှင့် ပစ္စည်းများ မှာလိုက– ဖုန်း ၉၃၂၃ ၆၇၆၂ သို့မဟုတ် **e-mail** breastscreenwa@health.wa.gov.au ကိုဆက်သွယ်ပါ။